

အုပ်
၃၀ မြောက်
အထူး

# (၁)

ဤ႐ုပ္ထုဇာတ်လမ်းသည် မိမိ၏ စိတ်ကူးမှ ဖြစ်ပါသည်။
တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါရန်၊ ပန်ကြားအပ်ပါသည်။

စာရေးသူ

သက်ပိုင်စိုးသူရယ်

`ဒီမှာရှင့်⍰

ကောင်းသည် ကားခေါင်းဖုံးကို ဖွင့်၍ ဟိုနှိုက်သည်နှိုက်နှိုက်နေရာမှ အသံလာရာဆီသို့ ခပ်စူးတူတူမျက်နှာဖြင့် ခေါင်းလှည့်ကြည့်လိုက်သည်။ မျက်နှာကလေး နုထွေးလှပလွန်းသူကလေး တစ်ဦးကို တွေ့လိုက်ရသည်။

ဟင်းသီးဟင်းရွက်တွေကို နောက်တွဲချိတ်၍ တင်ထားသော ဂျစ်ကားကလေးပေါ်မှာ.....

ထိုမိန်းမလှကလေးက နှင်းပွင့်ကလေးလိုအေးချမ်းလှသော ပြုံးကလေးကို အလိုမကျသလို ဖြစ်နေသော သူ့ကိုပေးဆပ်လာသည်။

`ဟား..........⍰

ကောင်းသည် ရှေ့ကို ကိုင်းထားရသော သူ့ခါးကို လက်ဖြင့် ဖိ၍ မတ်ပြီး မိန်မလှကလေး ဘက်သို့ လှည့်လိုက်သည်။

`မင်း ငါ့ကို ခေါ်တာလားဟင်⍰

ကောင်းက အေးချမ်းလှသော အပြုံးပိုင်ရှင်မကလေးကို မေးလိုက်သည်။

`ဟုတ်တယ်လေ၊ ဒီလမ်းမကြီးပေါ်မှာ သူနဲ့ အိဖြူပဲရှိတာ၊ သူ့ကိုမခေါ်လို့ ဘယ်သူ့ကို ခေါ်ရ မှာလဲ⍰

`အဟင်း ဆိုးစမ်းပါဦး၊ ဘာကိစ္စ⍰

`သူ့ကားပျက်နေတယ် မဟုတ်လား'

`မြင်တဲ့အတိုင်းပဲလေ၊ ဘာလဲမင်းလေးက ကားများပြင်တတ်နေသလားဟင်'

ကောင်းက သူ့လက်က ဆီချေးတွေကို အဝတ်စုတ်ဖြင့်သုတ်ရင်း အိဖြူ၏ ကားအနီးသို့ လျှောက်လာသည်၊

`အိဖြူက ကားပဲမောင်းတတ်တာ၊ ကားမပြင်တတ်ပါဘူး'

`မင်းတော်တော်နောက်တဲ့ ချာတိတ်မဘဲ၊ ဒီမှာ ဒုက္ခရောက်နေရတဲ့ အထဲ'

ကောင်းသည် မျှော်လင့်ချက် ပျောက်ဆုံးသွားသည့်မို့ မျက်နှာကြီး ရှုံ့တွသွားကာ နောက် ကြောင်းသို့ ပြန်လှည့် ဟန်ပြင်လိုက်သည်။

`သူ...သူ..ဒီမှာ နေပါဦး၊ ဒီလို အထင်မလွဲနဲ့လေ၊ ဒီလူသူမနီးတဲ့ နေရာမှာ သူဒုက္ခရောက် နေလို့ အိဖြူက စေတနာနဲ့ ကူညီမလို့ပါ'

`ကိုင်း......ဆိုပါဦး'

အိဖြူဘက်သို့ ကိုယ်ကိုပြန်လှည့်ကာ ကောင်းကမျက်ခုံးတစ်ဘက် အထက်သို့ မြှင့်ချီ၍ ပေး လိုက်သည်။

`ကားမပြင်တတ်ပေမယ့် ကားပြင်တတ်တဲ့ဆရာကို အိဖြူသိပါတယ်'

`အား...ဒါဖြင့် လုပ်စမ်းပါဦး၊ ပြင်တတ်တဲ့လူက ဘယ်မှာလဲဟင် ချာတိတ်'

အားတက်သွားဟန်ဖြင့် ကောင်းက မေးလိုက်သည်။

`ဒီကနေ အောက်ကို နှစ်မိုင်လောက် ပြန်ဆင်းရမယ် သူ'

`ဟာ...သေတော့မှာပဲ'

`ဘာဖြစ်လို့လဲ သူအိဖြူကားနဲ့ ကားကြုံလိုက်ခဲ့ပေါ့၊ အိဖြူကအဲဒီ ကားဆရာအိမ်ကို ဖြတ် သွားရမှဲဥစ္စာ?

`အား...ဒါဆိုလဲကျေးဇူး အနန္တပါပဲကွာ?

ကျေနပ်အားရသွားပြီမို့ ကောင်းမျက်နှာသည် ကြည်လင်ဝင်းပ၍ လာ၏ ။

`တော်တော် ချောတဲ့လူကြီးပဲ၊ ဒီလူကြီးက ?

ယောကျ်ားပီသသော ကိုယ်လုံး ကိုယ်ထည်နှင့် ခန့်ခန့်ချောချော ရှိလှသော ကောင်း၏ ဥပမိရုပ်ကိုကြည့်ကာ အိဖြူတစ်ယောက် ရင်ထဲက ကြိတ်၍ မှတ်ချက်ချလိုက်သည်။

`ဟဲ...ကောင်း ဘာတွေဒီလောက်တောင် လေရှည်နေတာလဲ၊ ဘယ်တုန်က အသိအကျွမ်း နဲ့များ တွေ့နေတာလဲဟင်?

`အွန်း?

အိဖြူ မျက်လုံးကလေးများ ဝိုင်းခနဲ့ဖြတ်သွားပြီး ပျက်နေသော အက်(စ်)အီး ကားဖြူဖြူ ထဲက ခေါင်းထွက်၍ ပြောလာသော အမျိုးသမီးကြီးကို ကြည့်လိုက်မိသည်။

“အား့ နေဦးနော်”

ကောင်းက အိဖြူကို လက်ကာပြခဲ့ပြီး သူကားဆီသို့ပြန်ပြေးသွား၏ ။ ထို့နောက် မျက်နှာ ကျောတင်းနေသော အမျိုးသမီးကြီးကို တစ်စုံတစ်ခု ပြောဆိုပြီး အိဖြူဘက်သို့ လှည့်ကြည့်လိုက် သည်။

ဒါဖြင့်လဲ သွား့ ၊ မြန်မြန်လဲ ပြန်ခဲ့ဦးနော်၊ ဝါဆိုမနေနဲ့

“မေမေရာ ခက်တာပဲ”

ကောင်းသည် စိတ်ရှုပ်ထွေးသွားမိဟန်ဖြင့်
ခေါင်းကိုတစ်ချက်ကုတ်လိုက်ပြီး အိဖြူဆီသို့ ပြန်လျှောက်ခဲ့သည်။

"ကိုယ် လိုက်ခဲ့မယ်နော်"

အိဖြူက သူ့ဦးခေါင်းကို ဆတ်ခနဲ ညိတ်ပြပြီး လမ်းတစ်ဘက်တွင် ရပ်တန့်နေသော ကားဆီ သို့ ကြည့်လိုက်သည်။

အမျိုးသမီးကြီးက သူ့ကို လှမ်းကြည့်နေဆဲပါ

"အဟင်း "

ကောင်းက အိဖြူဘေးက ထိုင်ခုံတွင် ထိုင်ရင်း အဟင်းခနဲ ရယ်သွမ်းတစ်ချက်သွေးလိုက်ပါ သည်။

အိဖြူသည် အမျိုးသမီးကြီးထံမှ မျက်နှာလွှဲကာ သူ့ကားစက်ကို နှိုးလိုက်သည်။

"အသက်ကြီးတဲ့လူတွေနဲ့ ခရီးသွားရတာ မလွယ်ပါဘူးကွာ၊ ပူညံပူညံနဲ့"

ကောင်းက သူ့အမေ၏ အမူအရာ အပြောအဆိုအတွက် အိဖြူကို အားနာသွားသည်။

"သူကဘယ်သူလဲဟင်"

"ကိုယ့်အမေပါ ချာတိတ်"

"အွန်းသူ့အမေတဲ့၊ မျက်နှာကျောကြီးကလဲ မာလိုက်တာ လွန်ပါရော၊ မြင်ရရုံနဲ့တောင် ကျောချမ်းမိပါရဲ့"

အိဖြူတစ်ယောက် ကောင်း၏ အမေကို လန့်သွားလေပြီ။

"ချာတိတ် ကိုယ့်မေမေ လှမ်းအော်လိုက်တာကို စိတ်မဆိုးနဲ့နော်၊ မေမေက ကျန်းမာရေး လဲ မကောင်းဘူး၊ ခရီးရှည်ကြီးကိုလဲ လာခဲ့ရတော့

စိတ်တိုနေတယ်ကွာ”

“အိဖြူ စိတ်မဆိုးတတ်ပါဘူးရှင့်”

“ချာတိတ်နာမည် အိဖြူတဲ့လား”

“ဟုတ်တယ်”

“လူလေးနဲ့ နာမည်လေး သိပ်လိုက်တာပဲ၊ ကိုယ့်နာမည်က ကောင်းတဲ့ မှတ်ထားနော်”

“ကောင်းတစ်လုံးထဲလား”

“ဟုတ်တယ်ဘာဖြစ်လို့လဲ”

“ဘာမှမဖြစ်ပါဘူး”

“ကိုယ့်နာမည်ကို ချာတိတ်ဘယ်လိုသဘောရလဲဟင်”

“ကောင်းပါတယ်၊ သူနဲ့လဲ လိုက်ပါတယ်”

“ကိုယ်နဲ့ လိုက်တယ်လို့ ချာတိတ်ဘယ်လိုပြောနိုင်တာလဲဟင်”

တောင်ဆင်းလမ်းကို ကျင်လည်စွာ မောင်းနှင်၍ ဆင်းနေသော အိဖြူ၏ မျက်နှာကလေးကို ကြည့်ကာ မေးလိုက်သည်။

“မြင်နေရတဲ့ ဥပမိရုပ်ကို ကြည့်ပြီး လိုက်တယ်လို့ပြောတာပါ”

“အတွင်းမနောက ဆိုးနေရင်ကောကွာ”

“အဟင်း့ ဒါကတော့ ကိုယ့်ကိုကိုယ်အသိဆုံးနေမှာပေါ့”

“အဟင်း့ အဟင်း့ ဟင်း”

ကောင်းက အိဖြူ၏ အဖြေကို သဘောကျ၍ ရယ်လိုက်သည်။

***********

(၂)

"ဟေ အိဖြူလေး၊ ဆင်းပြီးလား"

"ဟုတ်တယ် ဦးလေးဇံ၊ ဦးလေးဇံက ပြန်ခဲ့ပြီလား"

"အေးဟေ့"

တောင်တက်ကားတစ်စီးက ဘီးလိမ့်ရုံကလေး မောင်း၍ အိဖြူကို နှုတ်ဆက်သွားသည်။

အိဖြူကလဲလက်တွေဘာတွေပြန်ပြ၍ နှုတ်ဆက်လိုက်သည်။

"အင်း ဒီချာတိတ်မလေးက လူချစ်လူခင်ပေါမဲ့ပုံပဲ"

အရွယ်ကလေးနှင့် မလိုက်အောင် ကျွမ်းကျင်စွာ ကားကို မောင်းနှင်နေသော အိဖြူကိုကြည့် ပြီး ကောင်းမှတ်ချက်ချလိုက်သည်။

အိဖြူက သူ့ကို တစ်ချက်လှည့်ကြည့်ပြီး ပါးချိုင့်ကလေးများပေါ်အောင် ပြုံးပြလိုက်သည်။

"ချာတိတ်"

"ဟင်"

အိဖြူက မေးကလေးတစ်ချက်ထိုးပြီး ထူးလိုက်ပါသည်။

"ဒီတောင်တက် တောင်ဆင်း လမ်းခရီးကို ချာတိတ်တစ်ယောက်ထဲ ဒီလိုပဲ သွားနေတာပဲ လားဟင်"

"အဟင်း သွားရတာ ပေါ့၊ ဒီလိုမသွားရင် အိဖြူတို့ကို ဘယ်သူက ထမင်းလာကျွေးမှာလဲ ရှင့်"

"အိဖြူတို့ ဆိုတော့ အိဖြူနဲ့ ဘယ်သူတွေလဲဟင်"

"အိဖြူနဲ့ မေမေ့ကိုပါ"

"အိဖြူမှာ ဖေဖေကောမရှိဘူးလား"

ဟင့်အင်း ဆုံးသွားတာကြာပြီ၊ အိဖြူငါးနှစ်သမီးလောက်ကတည်းကပဲ ဒီလမ်းမှာ ကား မှောက်ပြီး ဆုံးသွားတာ

"အို့ စိတ်မကောင်းပါဘူးကွာ"

"အင်း့ ကံတရားပဲလေ၊ ဘာ တတ်နိုင်မှာလဲ"

ဝမ်းနည်းရိပ် လွှမ်းမိုးသွားသော အိဖြူ၏ မျက်နှာကလေးကို ကြည့်ပြီး ကောင်းတော်တော်ပဲ စိတ်မကောင်းဖြစ်မိသွားသည်။

"အိဖြူ အသက်ဘယ်နှစ်နှစ်လဲ ဟင်"

"ဆယ့်ခုနှစ်နှစ်ပြည့်ပြီးပါပြီ"

"ငယ်ငယ်လေးပဲ ရှိသေးတာပဲ၊ ကျောင်းမနေဘူးလားဟင်"

"အိဖြူ ဆယ်တန်း အောင်ပြီးပါပြီ"

"အို့ ဟုတ်လား့ ဒါဆို တက္ကသိုလ်ဆက်တက်မှာပေါ့ ဟုတ်လား"

"အဟင်း့ ဒါကတော့ အခြေနေပေါ်မူတည်ပါတယ်၊ မေမေကတော့ အိဖြူကို သိပ်ပြီး တက္ကသိုလ်ကို ဆက်တက်စေချင်တယ်"

"တက်ပေါ့ အိဖြူရဲ့၊ ဘွဲ့တစ်ခုခုရတော့ ပိုကောင်းတာပေါ့ ဒါနဲ့ အသီးအနှံတွေက အိဖြူတို့ စိုက်တာလား"

"ဟင့်အင်း့ ဒါ ဘဘချိုရဲ့ စိုက်ခင်းကထွက်တဲ့ အသီးအနှံတွေပါ ကျောင်းပိတ်တုန်း သူ့ အလုပ်တွေ ကို အိဖြူကူလုပ်ပေးနေတာပါ၊ အဟင်း့ မုန့်ဖိုလဲရ အပျင်းလဲပြေတာပေါ့"

ချစ်စရာကောင်းသော သွားဖွေးဖွေးကလေးများပေါ်အောင် အိဖြူက

တစ်ချက်ရယ်ပြီး ပြော လိုက်သည်။

ကောင်းမှာ ဤလိုနုနယ်လှပသော မိန်းကလေးအပေါ် အကြင်နာစိတ်များ ယိုဖိတ်၍ လာမိ နေသည်။

“သူကပဲ အိဖြူကို တစ်ချိန်လုံးမေးနေတယ်၊ အိဖြူကလဲ သူ့ကိုပြန်မေးရဦးမယ်”

“မေးပါဗျာ့ မေးပါ့ မေးပါ”

“သူကကော အိဖြူတို့ ပြင်ဦးလွင်ကို အလည်လာတာလား”

“ဟင့်အင်း့ ပြင်ဦးလွင်သားအဖြစ် ခံယူဖို့လာတာ”

“ဟင် ဘယ်လို”

အိဖြူက ကောင်းကို မျက်လုံးကလေးများဝင့်၍ ကြည့်လိုက်သည်။

“ဟုတ်တယ့် ကိုယ်တို့ ရန်ကုန်ကနေ အပြီးပြောင်းလာကြတာ”

“ဘယ်မှာနေမှာလဲဟင်”

“အေးရတနာမှာပါ”

“အေးရတနာ”

“ဟုတ်တယ်၊ အေးရတနာကို ချာတိတ်သိနေလားဟင်”

“အို သိတာပေ့ါ၊ အေးရတနာက ဆုံးသွားတဲ့ ဘွားဘွားဒေါ်ရတနာက အိဖြူကို သိပ်ချစ်တာ့ တွေ့တိုင် မုန့်ဖိုးတွေပေးတယ်”

“အဲဒီ ဘွားဘွားရတနာက ကိုယ့်ရဲ့ မေမေကြီးလေ ကိုယ့်မေမေရဲ့ အစ်မအကြီးဆုံးပေ့ါ၊ ခုသူ ဆုံးတော့ ဒီအေးရတနာခြံနဲ့ အိမ်ကြီးကို ကိုယ့်မေမေအမွေရတယ်လေ”

“ဟယ့် ကောင်းလိုက်တာ၊ သူသိပ်ကံကောင်းတာပဲ သူအဲဒီမှာနေခွင့်ရတာ ”

“ဘာဖြစ်လို့လဲ”

“အေးရတနာခြံကြီးက သိပ်လှပြီး သိပ်သာယာတာပဲ အိဖြူဆိုရင် မေမေနဲ့ လိုက်သွားတိုင်း ပျော်လို့ပြန်တောင် မပြန်ချင်ဘူး”

“နောက်ဆိုရင် အိဖြူလာလည်လေ့ ကိုယ်ရှိနေမှာပဲ”

“ဟင့်အင်း ကြောက်ပါတယ်”

အိဖြူက ပခုံးကလေးတွန့်ပြီး ကြောက်ရွံ့ဟန်ဖြင့် ပြောလိုက်သည်။

“ဘာဖြစ်လို့လဲဟင် အိဖြူ”

အံ့အားသင့်ဟန်ဖြင့် ကောင်းက အိဖြူကိုကြည့်၍ မေးလိုက်သည်။

“မေမေကပြောဘူးတယ့် ဘွားဘွားရတနာရဲ့ ညီမအငယ်ဆုံး ဒေါ်မေမေဦးဆိုတာ သိပ် မောက်မာပြီး အရမ်းလဲမာနကြီးတာပဲကွယ့်”

“ဗျာ”

“အဲဒီ ဒေါ်မေမေဦးဆိုတာ ခုသူတို့နဲ့ပါလာသလားဟင်”

“အိဖြူပြောတဲ့ ဒေါ်မေမေဦးဆိုတာ ကိုယ့်မေမေပါ အိဖြူ”

ကောင်းကလည်းချောင်းနင်သံကြီးဖြင့် ဖြေလိုက်သည်။

“အဲတော့”

အိဖြူ၏ ခေါင်းလုံးလုံးကလေး ပခုံးနှစ်ဖက်ကြားထဲ ကြုံ့ဆင်းသွားပါတော့သည်။

အိဖြူသည် အားနာလွန်းပြီး မျက်နှာကလေး မထားတတ်အောင်လည်း

ဖြစ်နေပါသည်။

“ကိစ္စမရှိပါဘူးအိဖြူ ကိုယ်ဘယ်လိုမှ သဘောမထားပါဘူး”

“သူ့ကို အရမ်းအားနာတာပဲ၊ အိဖြူ့ အိဖြူလဲလေ သူများပြောတာကြားပြီး သူ့ သူ့ကိုပြော လိုက်မိတာပါ၊ စကားပြောရင်းနဲ့ ကိုသောင်းအေးဆီတောင် ရောက်လာပြီ ဟို မော်တော်ဆိုင်ကယ် နားမှာရပ်နေတဲ့ ဂျာကင်နဲ့လူက မက်ကင်းနစ်ပဲ သူ”

အိဖြူက ကားကို ရပ်ပေးလိုက်သည်။

“ကျေးဇူးပဲချာတိတ်”

ကောင်း ကားပေါ်မှ ဆင်းသွားသည်နှင့်တစ်ပြိုင်နက် အိဖြူ ကားစက်ကို အရှိန်မြှင့်တင်ကာ ထိုနေရာမှ လျင်မြန်စွာထွက်ခဲ့သည်။

“သူ့အားနာလိုက်တာ”

အိဖြူသည် ကောင်းကို အားနာစိတ်ကြောင့် တစ်ကိုယ်လုံး ပူထူလျက်ဆဲပါ။

“ဟော့ ဟော့ ချာတိတ်နေပါဦး”

အိဖြူသည် ကောင်းတားနေသည်ကို မြင်လျက်ကြားလျက်ကပင် ကားကို မရပ်ဘဲ ဆက် မောင်းခဲ့သည်။

ကောင်းတစ်ယောက် သူ့ကိုတားမရ၍ စိတ်ပျက်လက်ပျက်ဟန်ဖြင့် ကျန်ရစ်ခဲ့သည်ကို အိဖြူ သည် ကားနောက်ကြည့်မှန်ထဲက တစ်ဆင့် မြင်ခဲ့ရသည်။

“ငါ့ပါးစပ်ကြီးကိုသာ ရိုက်ပစ်လိုက်ချင်တာပဲ ငါသူ့ကို နောက်တစ်ခါ ပြန်ဆုံရမှာကိုတောင် မရဲတော့ဘူး”

အိဖြူသည် ကောင်းကို ပြန်ဆုံရန် ဝန်လေးနေမိသဖြင့် ဒိုင်တွင်

အသီးအနှံတွေ သွင်းပြီး သည့်တိုင် တော်တော်နှင့် တောင်ပေါ်ပြန်မတက်ဘဲ နေနေလိုက်သည်။

အတော်အချိန်ကြာတော့မှ သူ့လက်ကောက်ဝတ်က လက်ပတ်နာရီကလေးကိုကြည့်ပြီး ဆတ်ခနဲ ခေါင်းကလေးတစ်ချက်ညိတ်ကာ အိဖြူ ထိုင်ရာမှထလိုက်သည်။

"သွားတော့မလား အိဖြူ"

"သွားတော့မယ်ဦးလေးစိုင်း"

"ဟုတ်ကဲ့ပါ"

အိဖြူသည် ကားပေါ်သို့ ဖွွေ့ကနဲတက်ပြီး ကားစက်ကို နှိုးလိုက်သည်။

***********

(၃)

"နာမည်က ကောင်းတဲ့ ဒီနာမည်နဲ့ သူ့ရုပ်ရည်က သိပ်လိုက်တာပဲ"

တောင်တက်လမ်းကို ဂရုတစိုက်မောင်းနှင်၍ တက်နေရင်းက အိဖြူသည် သဘောမနော ကောင်း၍ ဥပတိရုပ်ကောင်းလှသော ကောင်းကို မြင်ယောင်နေမိ၏ ။

"အဟင်း့ သူနဲ့ မမျှော်လင့်ဘဲ သိခွင့်လိုက်ရတာ ကို ငါဘယ်တော့မှ မေ့နိုင်မှာ မဟုတ်ဘူး သူက အတော်ခင်မင်စရာကောင်းတဲ့ လူတစ်ယောက်ပဲ"

နှစ်ယောက်သားပြောပြောဆိုဆိုနှင့် သွားလာနေတုန်းက အိဖြူရင်ထဲမှာ မည်သို့မျှ လှုပ်ရှား ခြင်း မရှိခဲ့ပါသော်လည်း ယခုတော့တစ်ယောက်တည်း နှင်နေရသောခရီးတွင်တော့ သူ့အကြောင်း တစ်စိမ့်စိမ့်ပြန်တွေးရင်း အိဖြူ၏ ရင်ထဲတွင် လှုပ်ရှားလှိုက်ဖိုခြင်းများ ဖြစ်၍ လာသည်။

"ဟယ့် ဘယ်လိုလဲ၊ ရင်ထဲမှာ တစ်မျိုးကြီး ခံစားလာရပါလား၊ မဟုတ်သေးဘူး၊ မဟုတ် သေးဘူး"

အိဖြူက သူ့ ဦးခေါင်းလုံးလုံးကလေးကို လေးတွဲစွာ ယမ်းလိုက်သည်။

"မရူးနဲ့ မိအိဖြူရဲ့ မရူးနဲ့၊ ဒီအခြေခိုင်တဲ့ မင်းသားကြီးက ညည်းဘဝနဲ့ ဘယ်လိုမှ မဆက် စပ်နိုင်ပါဘူး၊ ညည်းကပါ့မွား၊ သူ့အမေကြီးအထာကိုညည်းတွေ့တယ်မဟုတ်လား၊ ကိုယ့်ဘဝကို နားလည်စမ်းပါ မိအိဖြူရယ်"

အိဖြူသည် သူ့ကိုယ်သူဆုံးမပြီး သူ့စိတ်အာရုံထဲတွင် တွေ့ဆုံနေရသူကို မောင်းနှင်ပစ်မိ နေ၏ ။

"ဟား"

အိဖြူ စိတ်ပျက်သွားမိသည်။

သူ့မျက်နှာသူ့အပြုံးများက အိဖြူ၏ မျက်ဝန်းများထဲတွင် သံမှုစွဲသည်သို့ စွဲထင်၍ နေကြ၏ ။

"ကောင်းဆိုတဲ့ လူကြီးရယ်"

အိဖြူသည် ပင့်သက်ရှိုက်ပြီး စောစောက ကောင်းတို့ ကားပျက်နေသည့် နေရာဆီသို့ လှမ်း ကြည့်လိုက်သည်။

ကောင်း၏ ကားက ထိုနေရာတွင် ရှိမနေတော့ပါ။

အိဖြူရင်ထဲတွင် ဟာခနဲ ခံစားလိုက်ရသည်။

အိဖြူသည် ကိုယ်ကိုယ်ကို စမ်းစစ်ပြီး ဦးခေါင်းကို ယမ်းခါပစ်လိုက်သည်။

မဟုတ်သေးပါဘူး၊ ငါဘယ်လိုဖြစ်နေတာလဲ၊ ခုမှသိကျွမ်းရတဲ့ လူတစ်ယောက်ကိုများ ဒီလောက်ဖြစ်နေရတယ် မကောင်းပါဘူး

အိဖြူသည် ကိုယ့်ကိုယ်ကို ဒေါသများပင်တွေးမိလာတော့သည်။

"ဟေး့ ပြန်ခဲ့ပြီလား အိဖြူလေး"

"ဟုတ်ကဲ့ ဘဘချို"

အိဖြူသည် ကားစက်ကိုသတ်၍ သော့ကိုဖြုတ်ယူပြီး ကားပေါ်မှ ခုန်ဆင်းလိုက်သည်။

သစ်သား အိမ်ကလေး၏ ဂရမ်တာတွင် တင်ပလ္လင်ခွေထိုင်၍ အကြမ်းက ရှေ့ချကာနေနေ သော ဦးဘချိုသည် သွက်လက်နေသော အိဖြူကိုကြည့်ကာသဘောကျ၍ ခေါင်းတဆတ်ဆတ် ညိတ်နေ၏ ။

"ဟား"

အိဖြူက သူ့ ဘဘချို၏ အနီးတွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။

"ဘယ်လိုလဲကွယ့်၊ ငါ့မြေးတော်တော် မောဟိုက်လာသလား"

"ဟာ့ ဒီလောက်ကတော့ အသေးအဖွဲ့ပါ ဘဘရာ၊ အိဖြူမမောပါဘူး"

"ကဲ့. . . ဒါဖြင့် ပြောစမ်းပါဦး၊ ဘာတွေက အကြီးအမားတွေလဲ ငါ့မြေးရဲ့"

"ဟို ဦးစိုင်းလုံဆိုတဲ့ လူကြီးပေ့ါ၊ ဘဘချိုရဲ့ ထုံးစံအတိုင်းပဲလေ၊ ငွေကို အပြတ်မရှင်းလိုက် ဘူး၊ အဲဒါကို အိဖြူစိတ်မောလာမိတာ"

"သြော်ဲ့ မရှင်းတော့လဲ ဘယ်တတ်နိုင်မှာလဲ မြေးရယ် ဘဘချိုကတော့ ရမလားလို့ ပြောခိုင်းကြည့်လိုက်တာပါ"

"ဘဘချိုမှာ တော်တော်လိုနေလို့လားဟင်၊ အဲဒါဘယ်လိုလုပ်ကြမလဲ၊ ခုနစ်ထောင့်ငါးရာပဲ ရှင်းလိုက်တယ် ဘဘချိုရဲ့"

"ရပါတယ် ကလေးရယ်၊ ဒါခေါင်းထဲထားမနေနဲ့တော့ ဦးရာမလဲ ရောက်ချင်ရောက်လာမှာ ပါ၊ သူလာဖို့ရှိနေတယ်၊ ရော့ ဆတ်သားခြောက်နဲ့ အဖန်ရေသောက်ဦး"

"အဟင်းမငြင်းပါဘူး"

အိဖြူက မီးဖုတ်၍ ပွနေအောင် တောင်းပြီး ဆီစိမ်ထားသော ဆတ်သားခြောက်အမြှောင်း ကို အသာလက်ညှိုးနှင့် လက်မညှပ်၍ ယူပြီး ဝါးလိုက်သည်။

"ဘဘချို ဖုတ်ထားတာ ဆတ်သားခြောက်ကလေးက ကောင်းလိုက်တာ"

"ကောင်းရင်စားစား၊ ဝအောင်စားသွား"

အိဖြူသည် ဆတ်သားခြောက် စားလိုက်၊ အဖန်ရေကိုငုံ့သောက်လိုက်လုပ်နေ၏ ။

“ရော့ အိဖြူအတွက်”

“ဟာ ဘဘချိုကလဲနေပါစေ”

“ဘယ်ကလာနေရမှာလဲ၊ ဒါ အိဖြူရဲ့ လုပ်အားခ၊ ဘဘချိုက ပေးနေတာ မယူလို့ မရဘူး ယူလိုက်”

ဦးဘချိုက အတင်းထိုးပေးနေသဖြင့် ငွေ စက္ကူများကို အိဖြူယူလိုက်ရသည်။

“အိတ်ထဲလဲ ကောင်းကောင်းထည့်ဦး၊ ကျပျောက်ဦးမယ်”

“ဟုတ်ကဲ့ပါ ဘဘချို”

အိဖြူသည် ဦးဘချိုပေးသော ငွေများကို ဂျင်းဘောင်းဘီ နောက်အိတ်ထဲသို့ ထည့်လိုက် သည်။

မည်မျှမည်မျှပေးသည်ကို လုံးဝရေတွက်၍ မကြည့်ပါ။

စိတ်ဝင်စားပုံလည်း အလျဉ်း မပေါ်သဖြင့် အိဖြူကိုကြည့်ကာ သဘောကျပြီး ဦးဘချို ခေါင်း တစ်ဆတ်ဆတ်ညိတ်နေ၏ ။

“ဘဘချို အိဖြူကိုခိုင်းစရာရှိသေးလားဟင်”

“ဒီနေ့အတွက် မရှိတော့ပါဘူးကွယ်၊ မနက်ဖြန်ကျရင်သာ စောစောလာခဲ့၊ လေးတန်း ပြောင်း ကလေးတွေပို့ရအောင်လို့”

“ရတယ် ရတယ် အိဖြူ အားနေတာပဲ လာခဲ့မယ်၊ ဘဘချို ခြေထောက်ကို ဆေးလိမ်းနော်”

“အေးပါကွယ်၊ ဘဘလိမ်းပါတယ်”

“ဒါဆို အိဖြူ သွားတော့မယ်”

အိဖြူက ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်သည်။

“ဩော် အိဖြူ ဟိုကြပ်ခိုးစင်ပေါ်မှာ ဆတ်သားခြောက် တစ်စည်းရှိသေးတယ်၊ ငါ့မြေး အမေ စားရအောင်လို့ ယူသွား၊ စဉ့်အိုးပေါ်မှာ ခရမ်းချဉ်သီးနဲ့ မုန်ညှင်းရွက်တွေလဲရှိတယ်၊ လိုသလောက် ယူသွား”

“ကျေးဇူးနော် ဘဘချို”

“ရပါတယ်ကွာ၊ တခြားလိုတာရှိလဲ ယူသွားဦး”

အိဖြူသည် ဆတ်သားခြောက်နှင့် ခရမ်းချဉ်သီးအချို့မုန်ညှင်းရွက်အချို့ကို ယူလိုက်သည်။

“ဘဘချို”

“ဟေး့ ဘာလဲကွယ့်”

အိမ်ဘေးက အသေးလေးတို့ စားဖို့ မုန်ညှင်းရွက်နဲနဲပိုယူ သူသွားတယ်။

“ရတယ်လေကွယ်၊ ကြိုက်သလောက်ယူ”

“အိဖြူသည် အိမ်ဘေးတွင် ကပ်ထောင်ထားခဲ့သော ပန်းကမ္ဘာစက်ဘီးလေး၏ ရှေ့ခြင်း ကလေးထဲတွင် လက်ထဲက ဆတ်သားခြောက်နှင့် ခရမ်းချဉ်သီးများ မုန်ညှင်းရွက်များကို ထည့် လိုက်သည်။”

“သွားပြီ ဘဘချိုရေ”

အိဖြူက စက်ဘီးပေါ်သို့ လှွားခနဲ တက်ရင်း သူ့ကိုလှမ်းကြည့်နေသော ဦးဘချိုကို နှုတ် ဆတ်လိုက်သည်။

“အေးအေး စက်ဘီးကိုလဲ ဖြေးဖြေးနင်းသွားဦး”

“ဟုတ်ကဲ့ပါ”

အိဖြူသည် ပါးစပ်က ဟုတ်ကဲ့ပါလို့ ပြောပြီး ဦးဘချို၏ မြင်ကွင်းရှေ့မှ လှစ်ခနဲ မောင်းနှင် ပျောက်ကွယ်သွားတော့သည်။

“တယ်ခက်တဲ့ ကလေးမ”

ဦးဘချိုတစ်ယောက် ခေါင်းရမ်း၍ ကျန်ရစ်တော့သည်။

************